# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

EMReF
Enlightened Myanmar
Research Foundation

အမှတ် (၄၁)၊ အောက်တိုဘာ ၁၇ ရက်၊ ၂၀၁၇


## အစိုးရဟောင်းလက်ထက် အများပိုင်မြေများ ဥပဒေနှင့်မညီပါက ငွေပြန်အမ်းမည်ဟု လွှတ်တော်အဆိုနောက်ဆက်တွဲအဖြစ် မန်းတိုင်းအစိုးရ ဆုံးဖြတ်

**စက်တင်ဘာ ၁၉၊ ၂၀၁၇**

မန္တလေးတိုင်းဒေသကြီးတွင် ယခင်အစိုးရဟောင်း ခွင့်ပြုခဲ့သည့် အများပိုင်မြေနေရာများကို မြေတန်ဖိုးအမ်းပြီး ပြန်လည်သိမ်းဆည်းမည့် အမှုတွဲပေါင်း ၁၀၀ ခန့်ရှိကြောင်း တိုင်းစီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးဦးမြတ်သူက ပြောသည်။

ယင်းမြေယာအမှုတွဲ ၁၀၀ နီးပါးတွင် မန္တလေးခရိုင် ပြည်ကြီးတံခွန်နှင့် အမရပူရမြို့နယ်တို့မှ အများဆုံးဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်ဇူလိုင်လက ပြုလုပ်ခဲ့သည့် မန္တလေးတိုင်း လွှတ်တော်အထူးအစည်းအဝေးတွင် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်အောင်မိုး(ချမ်းမြသာစည်-၂)မှ "အစိုးရအကူးအပြောင်းကာလများတွင် အများပြည်သူနှင့်သက်ဆိုင်သော ဧရိယာကျယ်ဝန်းသည့် မြေကွက်များ၊ ပလပ်မြေများကို လူပုဂ္ဂိုလ်အမည်များဖြင့် မြေနေရာချထားပေးမှုများ ပြန်လည်စိစစ်၍ အများပြည်သူအတွက် စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်နိုင်ရေး" အဆိုတစ်ရပ် တင်သွင်းခဲ့ရာ အောင်မြင်ခဲ့သည်။

ယခုမြေတန်ဖိုး ပြန်အမ်းမည့်ကိစ္စသည် ယင်းအဆို၏ နောက်ဆက်တွဲဖြစ်ပြီး လွှတ်တော်မှတင်ပြသည့် မြေအမှုတွဲ အစီရင်ခံစာအပေါ် တိုင်းအစိုးရအဖွဲ့က ယခုလို ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း တိုင်းစီမံ/ဘဏ္ဍာဝန်ကြီး ဦးမြတ်သူကပြောသည်။

ယင်းအဆိုနှင့်ပတ်သက်၍ မန္တလေးတိုင်းဝန်ကြီးချုပ်က မြေယာအထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစေကာ အမှုများကိုကွင်းဆင်းစစ်ဆေးပြီး တွေ့ရှိချက်များအား အစိုးရအဖွဲ့ထံ ၅ လအတွင်း အစီရင်ခံစာတင်သွင်းခဲ့သည်ဟု ယင်းအဖွဲ့၏ခေါင်းဆောင်တစ်ဦးဖြစ်သည့် တိုင်းလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်(ချမ်းမြသာစည်-၁)က ပြောသည်။

**(ကိုးကား- burma.irrawaddy.com)**

## မွန်ပြည်နယ်အစိုးရ၏ ဘတ်ဂျက်ခွဲဝေသုံးစွဲမှု ပြည်သူသို့ ပထမဆုံးချပြ

**အောက်တိုဘာ ၁၄၊ ၂၀၁၇**

မွန်ပြည်နယ်အစိုးရ၏ ဘတ်ဂျက်ခွဲဝေသုံးစွဲမှုအခြေအနေကို အများပြည်သူ ပွင့်လင်းမြင်သာစွာသိရှိစေရန် ၂၀၁၇-၁၈ ရသုံးခန့်မှန်းခြေငွေစာရင်းဆိုင်ရာအချက်အလက်များ (Citizen's Budget) ပါဝင်သော စာစောင်ကို ပထမဆုံးအကြိမ် ထုတ်ပြန်ခဲ့သည်။

ပြည်နယ်အစိုးရအဖွဲ့၏မူဝါဒရည်မှန်းချက်များ အောင်မြင်စေရန်၊ ထိရောက်ကောင်းမွန်သော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ်ဖြစ်စေရန်နှင့် ဘဏ္ဍာရေးဆိုင်ရာ ပွင့်လင်းမြင်သာမှုရှိစေရန် အဆိုပါစာစောင် ထုတ်ပြန်ခြင်းဖြစ်ကြောင်း မွန်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးဝဏ္ဏကျော်က ပြောသည်။

"အစိုးရအဖွဲ့အနေနဲ့ ပြည်သူတွေက ကောက်ခံရရှိတဲ့အခွန်တွေကို ဘယ်လိုခွဲဝေသုံးစွဲနေလဲဆိုတာကို ပြည်သူတွေသိရှိအောင်ချပြတာဖြစ်တယ်။ ပြည်သူတွေအနေနဲ့ကလည်း အစိုးရရဲ့လုပ်ငန်းတွေ ပွင့်လင်းမြင်သာစွာနဲ့ လေ့လာပြီးတော့ လိုအပ်ချက်တွေကို ဝိုင်းဝန်းအကြံပြုပေးပါ"ဟု ၎င်းက ပြောသည်။ မွန်ပြည်နယ်အစိုးရအနေဖြင့် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးဆောင်ရွက်သည့် လုပ်ငန်း ၁၄ ခု ချမှတ်ထားသည့်အနက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး၊ လျှပ်စစ်မီးရရှိရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် အမှိုက်သိမ်းစနစ်ကောင်းမွန်စေရေးတို့ ပါဝင်သည်။

"ဒီလိုမျိုးလုပ်တာဟာ အစိုးရအနေနဲ့ သူ့ရဲ့တာဝန်ခံမှုသာမက သူ့ရဲ့ပွင့်လင်းမြင်သာမှုကိုချပြတာဖြစ်တယ်။ ပြီးခဲ့တဲ့ အစိုးရလွှတ်တော်မှာ ဒီလိုမျိုး ဘတ်ဂျက် ဆိုင်ရာ ချပြခဲ့တာမျိုး မရှိခဲ့ပါဘူး။ ဒါပထမဆုံးအကြိမ်လို့ ပြောလို့ ရပါတယ်။ ဒီအပေါ် ပြည်သူလူထုကအမြဲတစေလိုက်ပါလာဖို့လည်း မျှော်လင့်ပါတယ်"ဟု မွန်ပြည်နယ်လွှတ်တော်ဒု-ဥက္ကဋ္ဌ ဦးအောင်နိုင် ဦးက ပြောသည်။

ပြည်နယ်အစိုးရထုတ်ပြန်သည့် ၂၀၁၇-၁၈ ဘဏ္ဍာရေးနှစ် ရသုံးခန့်မှန်းခြေ ငွေစာရင်းဆိုင်ရာ အချက်အလက်စာစောင်တွင် ယင်းဘဏ္ဍာရေးနှစ် မွန်ပြည်နယ်၏စုစုပေါင်းရငွေခန့်မှန်းခြေသည် ကျပ် ၁၄ ဘီလီယံကျော်ရှိပြီး စုစုပေါင်းအသုံးစရိတ်ခန့်မှန်းခြေသည် ကျပ် ၈၆ ဘီလီယံကျော်ရှိကြောင်း ဖော်ပြထားသည်။ **(ကိုးကား- 7daydaily)**

# ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများအတိုင်း တိုင်းနှင့်ပြည်နယ် လွှတ်တော်များ ဆောင်ရွက်နိုင်ခြင်းမရှိသေးဟု ပြော

**အောက်တိုဘာ ၉၊ ၂၀၁၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများအတိုင်း ဆောင်ရွက်နိုင်ခြင်းမရှိဘဲ သက်ဆိုင်ရာအစိုးရအဖွဲ့များအပေါ် ထိန်းကျောင်းနိုင်မှု အလွန်အားနည်းနေကြောင်း ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဇေယျက ပြောသည်။ "အားနည်းချက်တွေတော့ ရှိနေတယ်။ အဲဒီအားနည်းချက်တွေကို ပြင်ကိုပြင်မှရမယ်။ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အနေနဲ့လည်း ဒီနေ့အထိ အစိုးရအဖွဲ့က တင်ပြတဲ့ ဘတ်ဂျက်ဥပဒေတွေကိုပဲ အတည်ပြုနေရတယ်။ တခြားဥပဒေတွေ မလုပ်နိုင်သေးဘူး"ဟု အောက်တိုဘာ ၇ ရက်ကပြုလုပ်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များ၏ အခန်းကဏ္ဍအကြောင်း စကားဝိုင်းဆွေးနွေးပွဲ၌ ဦးကျော်ဇေယျက ပြောသည်။

YBS စနစ် ပြောင်းလဲမှုနှင့် ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ပြမှုများကို အစိုးရအဖွဲ့က ငြင်းဆန်မှု၊ Water Bus စီမံကိန်းဆောင်ရွက်ရာတွင် လွှတ်တော်သို့မတင်ပြမှုနှင့် ရန်ကုန်မြို့သစ်စီမံကိန်း အကောင်အထည်ဖော်ရေးနှင့် ပတ်သက်၍ လက်ရှိအချိန်အထိ လွှတ်တော်သို့ တင်ပြမှုမရှိသေးခြင်း စသည်တို့မှာ လက်ရှိတိုင်းလွှတ်တော်အနေဖြင့် အစိုးရအဖွဲ့အား အပြန်အလှန်ထိန်းကျောင်းနိုင်မှု မရှိခြင်းကိုပြသသည့်ကိစ္စရပ်များဖြစ်ကြောင်း ၎င်းကဆိုသည်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းနှင့်ပြည်နယ်လွှတ်တော်များ၏ ဥပဒေပြုပိုင်ခွင့်နှင့်လုပ်ပိုင်ခွင့်အချို့ကို ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်က တိုးမြှင့်ပြင်ဆင်ပေးခဲ့သော်လည်း လွှတ်တော်များအနေဖြင့် အဆိုပါ အခွင့်အရေးကို အပြည့်အဝရယူနိုင်ခြင်း မရှိသေးကြောင်း၊ တိုင်းနှင့်ပြည်နယ်လွှတ်တော်များ၏ လုပ်ပိုင်ခွင့်များနှင့် ပတ်သက်၍ ကန့်သတ်မှုများ ရှိနေဆဲဖြစ်ကြောင်း ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း(EMReF)မှ အကြီးတန်းသုတေသနအရာရှိ မငြိမ်းသီရိဆွေက ယင်းဆွေးနွေးပွဲတွင် ပြောသည်။

"တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်တွေရဲ့ဥပဒေပြုခွင့်ကို တိုးမြှင့်ပေးခဲ့တယ်ဆိုပေမယ့် ပြည်ထောင်စုက ပြဋ္ဌာန်းတဲ့ဥပဒေနဲ့အညီဆိုတဲ့ စကားလုံးမျိုးနဲ့ ပြန်ပြီးကန့်သတ်ထားတာမျိုးတွေကလည်း ရှိနေတုန်းပါပဲ"ဟု ၎င်းကပြောသည်။

ယင်းစကားဝိုင်းဆွေးနွေးပွဲတွင် ဦးကျော်ဇေယျ၊ ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း(EMReF)မှ အကြီးတန်းသုတေသနအရာရှိ မငြိမ်းသီရိဆွေနှင့် Info Digest Journal အယ်ဒီတာ ဦးဟန်ဇော်တို့ ပါဝင်ဆွေးနွေးခဲ့သည်။ **(ကိုးကား- 7Daydaily)**

# စစ်ကိုင်းတိုင်းလွှတ်တော်အစည်းအဝေးကို ဖေ့စ်ဘွတ်ခ်က တိုက်ရိုက်ထုတ်လွှင့်

**အောက်တိုဘာ ၁၁၊ ၂၀၁၇**

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ပုံမှန်အစည်းအဝေးကို အောက်တိုဘာ ၁၁ ရက်က ပြန်လည်စတင်ခဲ့ရာ ပွင့်လင်းမြင်သာသည့် လွှတ်တော်ဖြစ်ရေး၊ လွှတ်တော်တွင် ဆွေးနွေးမေးမြန်းသည့် အဆို၊ မေးခွန်းများကို ပြည်သူများ တိုက်ရိုက်ကြည့်ရှုဝေဖန်နိုင်ရေးရည်ရွယ်ကာ Sagaing Region Hluttaw facebook page မှ ပထမဆုံးအကြိမ် တိုက်ရိုက်ထုတ်လွှင့်ပေးလျက်ရှိသည်။

စတင်စမ်းသပ်ဆဲဖြစ်၍ လိုအပ်ချက်များရှိနေသေးပြီး နောက်ပိုင်းတွင် နည်းပညာ အဆင့်မြှင့်တင်ကာ လုပ်ဆောင်သွားရန်ရှိကြောင်း လွှတ်တော်တာဝန်ရှိသူတစ်ဦးက ပြောသည်။



ယခုကဲ့သို့ လွှတ်တော်အစည်းအဝေးကို တိုက်ရိုက်ထုတ်လွှင့်ပေးသည့်အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ကြိုဆိုကြပြီး လွှတ်တော်နှင့်ပြည်သူအတွက် ပိုမိုအကျိုးရှိလာနိုင်သည်ဟု လွှတ်တော်ကိုယ်စားလှယ်များက ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန့်ဝေကျော်(ကလေးမဲဆန္ဒနယ်)က "လွှတ်တော်ကိုယ်စားလှယ်တွေအတွက်တော့ အရင်ကထက် စိန်ခေါ်မှုတွေ ရှိလာတယ်။ ဘာလို့လဲဆိုတော့ ကိုယ်စားလှယ်တွေရဲ့ အပြုအမူတွေကို ပြည်သူကစောင့်ကြည့်နေတာဖြစ်လို့ အနေအထိုင်ကအစ ထိန်းသိမ်းရမယ်"ဟု ပြောသည်။ **(ကိုးကား- ဒီဗွီဘီ)**

# အောင်လံကိုယ်စားလှယ်၏ မေးခွန်းများကို ပြည်ထောင်စုအစိုးရထံတင်ပြမည်ဟု ဖြေ

**အောက်တိုဘာ ၁၂၊ ၂၀၁၇**

အောင်လံမြို့နယ်အတွက် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ်တစ်ခု တိုးချဲ့ဖွင့်လှစ်ပေးရန်နှင့် ပြည်-အောင်လံလမ်း အကျယ် ၂၄ ပေ တိုးချဲ့ပေးနိုင်ခြင်း ရှိမရှိ ဦးအေးကျော်(အောင်လံ-၂)က မကွေးတိုင်းလွှတ်တော်အစည်းအဝေးတွင် မေးမြန်းခဲ့ရာ တိုင်းအစိုးရအဖွဲ့ဝန်ကြီးများက ပြည်ထောင်စု အစိုးရထံသို့ တင်ပြပေးမည်ဟု ဖြေကြားခဲ့သည်။

ကျေးလက်ကျန်းမာရေးဌာန အသစ်ဖွင့်လှစ်ပေးခြင်းသည် ပြည်ထောင်စုအစိုးရကျန်းမာရေးဝန်ကြီးဌာနကသာ ဆုံးဖြတ်ပေးသည့်အတွက် တင်ပြပေးမည်ဟု တိုင်းလူမှုရေးဝန်ကြီးက ဖြေကြားခဲ့သည်။

တိုးချဲ့ပေးရမည့်လမ်းသည် မက်စ်မြန်မာကုမ္ပဏီက(ဘီအိုတီ)စနစ်ဖြင့် ပြည်ထောင်စုအစိုးရထံမှ နှစ်ရှည်ငှားရမ်းလုပ်ကိုင်ခွင့်ရရှိခြင်းဖြစ်သောကြောင့် လမ်းအဆင့် တိုးမြှင့်ပေးနိုင်ရန် ပြည်ထောင်စုအစိုးရသို့တိုက်တွန်းမည်ဖြစ်ကြောင်း တိုင်းဆောက်လုပ်ရေးဝန်ကြီး ဦးတင်နွယ်ဦးက ဖြေကြားသည်။

"သူတို့ လုပ်ပိုင်ခွင့်ဘောင်ကျော်နေတာဖြစ်တဲ့အတွက် ဒီအဖြေကို ကျေနပ်ပါတယ်။ အမှန်တကယ် မေးမြန်းပေးပြီး အရေးယူ ဆောင်ရွက်ပေးစေချင်ပါတယ်" ဟု ဦးအေးကျော်က ပြောသည်။ **(ကိုးကား- 7daydaily)**

# နာဂဒေသဖွံ့ဖြိုးရန် တိုင်းအစိုးရမှ ပြည်ထောင်စုသို့ အထူးဦးစားပေး ထောက်ခံတင်ပြပေးသွားမည်ဟု ပြော

**အောက်တိုဘာ ၁၁၊ ၂၀၁၇**

နာဂဒေသ ကျန်းမာရေး စောင့်ရှောက်မှု မြင့်မားစေရန် လဟယ်မြို့နယ်ရှိ ကျေးရွာ ၂၅ ရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲများ တိုးမြှင့်ဖွင့်လှစ်ပေးရန် လိုအပ်ကြောင်း လွှတ်တော်ကိုယ်စားလှယ် ဦးကယ်(လဟယ်မဲဆန္ဒနယ်)က စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒသမပုံမှန် အစည်းအဝေးတွင် တင်ပြခဲ့သည်။

"ဒေသရဲ့ လိုအပ်ချက်အရ အစိုးရဌာနကနေ သတ်မှတ်ထားတဲ့မူအတိုင်း မသွားသင့်ဘူး။ မူအရဆိုရင် လူဦးရေ ဘယ်လောက်ရှိမှ၊ အိမ်ခြေဘယ်လောက်ရှိမှ ဆရာတစ်ယောက်၊ ကျန်းမာရေးမှူးတစ်ယောက်နှုန်းတို့ သတ်မှတ်ထားတာရှိတယ်။ အဲဒီအတိုင်း မသွားဘဲ ဒေသရဲ့လိုအပ်ချက်အရ ကျေးရွာတစ်ရွာလျှင် ကျန်းမာရေးဌာနခွဲတစ်ခုနှုန်းထားပြီး သားဖွားဆရာမလေး တစ်ယောက်လောက်နေမယ်ဆိုရင် အထူးသဖြင့် မွေးကင်းစကလေးတွေပြုစု စောင့်ရှောက်တာကအစ မွေးမိခင်လောင်းတွေရဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေပါ ဆောင်ရွက်ပေးနိုင်မှာ ဖြစ်တယ်"ဟု ဦးကယ်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဇော်ဝင်းက "ဆေးခန်းတွေ၊ ကျေးလက်ကျန်းမာရေးဌာနတွေက ပြည်ထောင်စုအစိုးရက ချပေးတာဖြစ်တဲ့အတွက် အမြန်ဆုံးတင်ပြရမှာဖြစ်ပါတယ်။ နာဂဒေသကို အထူးဦးစားပေးဖို့ ထောက်ခံပေးပါတယ်"ဟု ပြောသည်။

နာဂဒေသ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ လုပ်ငန်း များအား ဖွဲ့စည်းပုံအတိုင်း ဆောင်ရွက်ခြင်း မဟုတ်ဘဲ လိုအပ်သော ဖြေလျှော့မှုများဖြင့် ဆောင်ရွက်ပေးနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ **(ကိုးကား- 7daydaily)**

ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ

**သတင်းစာစဉ်**

**စုစည်းတင်ပြသူ**

**ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်း**

**ဆက်သွယ်ရန်**

**၀၉-၂၆၁၆၅၄၀၄၅**

www.emref.org
www.mypilar.org
www.facebook.com/emrefmyanmar

# သတင်းတို

● တနင်္သာရီတိုင်းဒေသကြီးလွှတ်တော်ဟစ်တိုင်ကွင်းတွင် စုဝေး၊ဟောပြော၊ဆန္ဒပြလိုသူများအနေဖြင့် ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့် စီတန်းလှည့်လည်ခွင့်ဆိုင်ရာ (ငြိမ်းစုစီ) ဥပဒေအတိုင်းဆောင်ရွက်ရမည် ဖြစ်ကြောင်း ထားဝယ်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။ "လူဦးရေ ကန့်သတ်ချက်မရှိဘူး၊ တစ်ယောက်တည်း ဆိုင်းဘုတ်ထောင်ပြနေလည်းရတယ်"ဟု တာဝန်ရှိသူတစ်ဦးမှ ပြောသည်။ **(ကိုးကား-တနင်္သာရီဂျာနယ်)**

● အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးနှင့် မီဒီယာမဏ္ဍိုင်ကြီးလေးရပ် တွေ့ဆုံဆွေးနွေးပွဲကို ရောဝတီတိုင်း ဒေသကြီး၌ အောက်တိုဘာ ၁၄ ရက်တွင် ပြုလုပ်ခဲ့ရာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးဌာနများမှ အကြီးအကဲများနှင့် မြို့နယ်အသီးသီးမှ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။ တွေ့ဆုံပွဲတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဦးဝင်းငွေးက "တိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ မီဒီယာတွေကြားထဲမှာရှိတဲ့ Mechanism ကို ဘယ်လိုကောင်းအောင် လုပ်မယ်ဆိုတာ အစဉ်အမြဲ ကျွန်တော်တို့ ကြိုးစားသွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။ **(ကိုးကား-Eleven Media)**